# အိန္ဒိယနိုင်ငံသည် ဘရာဇီးနိုင်ငံမှ မတ်ပဲ တင်သွင်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိ

ပြည်တွင်းဈေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးနှင့် ဈေးနှုန်း ထိန်းသိမ်းနိုင်ရေး အတွက် အိန္ဒိယနိုင်ငံအနေဖြင့် ဘရာဇီးနိုင်ငံမှ မတ်ပဲတင်သွင်းနိုင်ရေးဆွေးနွေးလျက်ရှိရာ ပြီးစီး လုနီးပြီဖြစ်ကြောင်း စားသုံးသူရေးရာဌာန အတွင်းဝန် ဖြစ်သူ Rohit Kumar Singh က အင်္ဂါနေ့က ပြောကြားခဲ့ကြောင်း The Economic Times သတင်းစာတွင် ဖော်ပြထားပါသည်။

အိန္ဒိယနိုင်ငံသည် စားသုံးသူလိုအပ်ချက်နှင့် ထုတ်လုပ်နိုင်မှု ကွာဟချက်အပေါ် မူတည်ပြီး နှစ်စဉ် တန်ချိန် ၇ သိန်း မှ ၇ သိန်းခွဲခန့်ကို ပြည်ပမှ တင်သွင်းလျက်ရှိပါကြောင်းနှင့် တင်သွင်းမှု အားလုံး၏ ၇၄ ရာခိုင်နှုန်းခန့်မှာ မြန်မာနိုင်ငံမှ တင်သွင်းခြင်း ဖြစ်ကြောင်း၊ လယ်ယာစိုက်ပျိုးရေး ရာသီဥတုအခြေအနေများအရ ဘရာဇီးနိုင်ငံသည် မတ်ပဲစိုက်ပျိုးထုတ်လုပ်ရန် သင့်လျော်မှု ရှိသည့်အတွက် ဘရာဇီးမှ မတ်ပဲ ထုတ်လုပ်တင်သွင်းရန် ဆွေးနွေးမှုများဆောင်ရွက်လျက်ရှိရာ ပြီးစီးလုနီးပြီဟု အတွင်းဝန်က သတင်းထောက်များကိုပြောကြားခဲ့ကြောင်း သိရှိရပါသည်။

အိန္ဒိယနိုင်ငံအနေဖြင့် ယခုနှစ်တွင် မြန်မာနိုင်ငံမှ မတ်ပဲတန်ချိန် ၂ သိန်းခန့်ကို တင်သွင်း ထားပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံကိုမှီခိုနေရခြင်းမှ လျော့ချနိုင်ရန်အတွက် အခြားမတ်ပဲထွက်ရှိ သည့်နိုင်ငံများကိုရှာဖွေနေခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံမှ ပဲကုန်သည်များသည် ပဲများကို ပုံမှန်တိုင်းရောင်းချခြင်းမပြုဘဲ သိုလှောင်သိမ်းဆည်းထားခြင်းကြောင့် အိန္ဒိယနိုင်ငံ၏ ပြည်တွင်း ဈေးကွက်ကိုသက်ရောက်မှုရှိသဖြင့် စားသုံးသူရေးရာဌာနကလည်း ယင်းကုန်သည်များကို မကြာ ခင်က သတိပေးထားပြီး ဖြစ်သည်ဟု အတွင်းဝန်က ပြောကြားခဲ့ကြောင်းလည်း ဖော်ပြထား ပါသည်။

၂၀၂၂ -၂၀၂၃မတ်ပဲထွက်ရှိမည့်ရာသီဖြစ်သည့် ဇွန်၊ ဇူလိုင် လတို့တွင် အိန္ဒိယနိုင်ငံ၏ မတ်ပဲ ထွက်ရှိမှုမှာ တန်ချိန် ၂.၆၈ သန်းခန့်ရှိမည်ဟု လယ်ယာစိုက်ပျိုးရေး ဝန်ကြီးဌာနက ခန့်မှန်းထားပြီး ပြီးခဲ့သည့်နှစ်က မတ်ပဲထွက်ရှိမှု တန်ချိန် ၂.၇၇ သန်းထက် လျော့နည်းသွားမည် ဖြစ်ကြောင်း လည်း The Economic Times သတင်းစာတွင် ဖော်ပြထားပါသည်။

Source : India exploring importing urad from Brazil, The Economic Times, May 23, 2013

(စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)